# သမတအိမ်တော်၊ ရန်ကုန်မြို့
# ၁၉၅၇ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။
## [၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၇။]
## ၁၃၁၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်။
## (၁၉၅၇ ခုနှစ်၊ မတ်လ ၂၈ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ၊ အောက်ဖေါ်ပြ ပါ အက်ဥပဒေ ကို ထုတ်ပြန် ကျေညာသည်။
အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁၉၅၇ ခုနှစ်၊ စက်တဘ်ာလ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့် နှစ်အတွက် နောက်ထပ်ဘဏ္ဍာတော်ငွေ ခွဲဝေ သုံးစွဲခြင်း။

၁။ ။ (၁) ဘဏ္ဍာရေးဝန်ကြီးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ အခွန်တော်များမှ စုစုပေါင်းကျပ်ငွေ ၅,၄၉,၅၁, ၅၅၀ (ဤအက်ဥပဒေ၏ ဇယားတွင်ဖေါ်ပြထားသည်) ကို ထုတ်၍၊ ၁၉၅၇ ခုနှစ်၊ စက်တဘ်ာ လ ၃၀ ရက်နေ့၌ ကုန်ဆုံးသည့်နှစ်ဆိုင်ရာ အသုံးစရိတ်များနှင့် ကိစ္စများအတွက် ခွဲဝေသုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၅၆ ခုနှစ်၊ ဘဏ္ဍာတော် ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ (၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၄)အရ ခွင့်ပြုထားသည့် ဘဏ္ဍာတော် ငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟူ၍ မှတ်ယူရမည်။

**ဇယား**

| အစိုးရဌာန။ | | | | | ခွဲဝေသုံးစွဲသည့်ငွေ။ |
|---|---|---|---|---|---|
| ရဲအဖွဲ့ | .... | .... | .... | .... | ၂၀ |
| သာသနာရေးကိစ္စများ | | .... | .... | .... | ၁,၅၆, ၃၅၀ |
| နိုင်ငံခြားရေး | | .... | .... | .... | ၁၂,၀၃,၀၀၀ |
| လောကဓါတ်ပညာဆိုင်ရာဌာနများ | | | .... | .... | ၆, ၀၀,၀၀၀ |
| ပညာရေး | .... | .... | .... | .... | ၂၁, ၇၂, ၀၁၀ |
| ဆေးဘက်ဆိုင်ရာနှင့်ပြည်သူ့ကျန်းမာရေး | | | .... | .... | ၁၀, ၆၆,၀၉၀ |
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကု သရေးနှင့် သမဝါယမငွေစု ငွေချေးလုပ် ငန်းနှင့် | | | | .... | ၅၀,၀၀,၀၅၀ |

| | | | | | |
|---|---|---|---|---|---|
| ငတ်မွတ်ခေါင်းပါးခြင်းကယ်ဆယ် ရေး | | | | | |
| စက်မှုလက်မှုအလုပ်အကိုင်များ | | | .... | .... | ၁၀ |
| အထွေထွေဌာနများ | | .... | .... | .... | ၃၉,၇၇, ၀၃၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်း | | | .... | .... | ၁၀ |
| အထွေထွေ | | .... | .... | .... | ၉, ၀၀,၀၀၀ |
| နိုင်ငံတွင်းအကောက်တော်အတွက်မ,တည်ငွေရင်း | | | | .... | ၁,၂၁,၃၀၀ |
| သစ်တောအတွက်မ,တည်ငွေရင်း | | | .... | .... | ၁၀ |
| အရပ်ရပ်စီရင် အုပ်ချုပ်မှုအတွက်မ, တည်ငွေရင်း | | | | .... | ၁၇,၂၄,၀၃၀ |
| နိုင်ငံခြားရေးအတွက် မ, တည်ငွေရင်း | | | .... | .... | ၅၁,၆၀၀ |
| လောကဓါတ်ပညာ ဆိုင်ရာဌာနများအတွက်မ, တည်ငွေရင်း | | | | .... | ၅,၀၀, ၀၀၀ |
| လယ်ယာစိုက်ပျိုးရေး၊ တိရစ္ဆာန်ဆေးကုသရေး၊ သမဝါယမငွေစုငွေချေး လုပ်ငန်းနှင့် ငတ်မွတ် ခေါင်းပါးခြင်းကယ်ဆယ်ရေးအတွက်မ,တည်ငွေရင်း | | .... | .... | .... | ၃၄,၀၀,၀၀၀ |
| အထွေထွေဌာနများအတွက် မ,တည်ငွေရင်း | | | .... | .... | ၂,၃၄,၀၀၀ |
| မြို့ပြဆိုင်ရာ လုပ်ငန်းများအတွက် မ, တည်ငွေရင်း | | | .... | .... | ၂၀ |
| စာရေးကိရိယာနှင့်စာပုံနှိပ်ခြင်းအတွက် မ,တည်ငွေ ရင်း | | | | .... | ၆, ၄၆,၀၀၀ |
| ကာကွယ်ရေးအမှုထမ်းအဖွဲ့များအတွက် မ,တည်ငွေ ရင်း | | | | .... | ၂၀ |
| အစိုးရလုပ်ငန်းများနှင့် ဒေသန္တရ အာဏာပိုင်များသို့ ချေးငွေများ | | | | .... | ၃,၃၂, ၀၀,၀၀၀ |
| ပေါင်း | | | | .... | ၅, ၄၉,၅၁,၅၅၀ |

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

သမတ၊

၁၉၅၇ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာတော်ငွေ ခွဲဝေသုံးစွဲရေး အက်ဥပဒေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်။

(၁၉၅၇ ခုနှစ်၊ မတ်လ ၂၈ ရက်။ )

အမိန့်အရ၊

ပါစိန်၊

သမတ၏အတွင်းဝန်။

[အမှတ် ၄၇]